
ဘာသာပြန်
မောင်သိန်းထွန်း
ဟေးလုံထိုင်မှ
အရိပ်လူ
စာစဉ်-၉

အပိုင်း (၉၁)

*

ယွင်ကျုံးဟဲ့ အော်ဟစ်မိလုနီးပါး ဖြစ်သွားသည်။ '**ကိုယ်ဝန် ရှိတယ် ဟုတ်လား။ ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ။ ပြီးခဲ့တဲ့ တစ်လနှစ်လအတွင်း ကျုပ်နဲ့ ရှီအန်းထင်တို့ အတော်လေး သတိထားခဲ့ကြတာလေ။**'

ဖုန်းရှင်းမြဲ့က ပြောလိုက်၏။ "တကယ်ဆိုရင် ဒီလို အရေးကြီးတဲ့အချိန်မှာ သူ ကိုယ်ဝန်မရှိသင့်ဘူး။ သူ့ကို ချက်ချင်း ရွှေ့ပြောင်းပေးသင့်တာ။ ဒါပေမဲ့ သူက မင်းနားမှာ ရှိတဲ့ တစ်ယောက်တည်းသော ရဲဘော်ရဲဘက်လေ။ သူသာ မရှိရင် မင်း သတင်းပို့လို့ မရတော့ဘူး။"

ပြီးတော့ သူ အခု ထွက်သွားရင် သံသယ ဖြစ်ခံရလိမ့်မယ်။ နောက်ပိုင်း သူ့ကို သေချာ ဂရုစိုက်ပါ။ သူ ကိုယ်ဝန်ရှိသွားတာက မင်းအတွက် အကာအကွယ် တစ်ခုလည်း ဖြစ်နိုင်တယ်။ စစ်ပွဲ မစခင် သူ့ကို အင်ပါယာဆီ ပြန်ပို့ပေးမယ်။"

ယွင်ကျုံးဟဲ့က မေးလိုက်သည်။ "စစ်ပွဲက ဘယ်တော့လောက် စမလဲ။"

ဖုန်းရှင်းမြဲ့က ဖြေလိုက်၏။ "ဟေးလုံထိုင်ရဲ့ ခန့်မှန်းချက်အရ ဒီနှစ်ထဲမှာပဲ။ ဒါကြောင့် ယွင်ကျုံးဟဲ့... မင်း မြန်မြန်လုပ်မှ ရမယ်။ လေခွင်းမြို့က မဟာဗျူဟာကျတဲ့ နေရာပဲ။ ဒီနေရာကို ရရင် စစ်ပွဲမှာ အသာစီးရပြီ။"

ယွင်ကျုံးဟဲ့က အာမခံလိုက်သည်။ "မကြာတော့ပါဘူး။ ကျုပ်အစီအစဉ် တစ်ဝက်ပြီးနေပါပြီ။ မော့မိသားစု ပြိုလဲသွားတာနဲ့ ကျင်းကျုံးယွဲ့ကို

လက်ထပ်မယ့် အစီအစဉ် အောင်မြင်ပါလိမ့်မယ်။"

ဖုန်းရှင်းမြွက သတိပေးလိုက်၏။ "သတိထားပါ။ အန်းထင် တည်းခိုခန်းကို မသွားနဲ့တော့။ ငါနဲ့ ဆက်သွယ်ချင်ရင် ညီမလေး ရှီအန်းထင်က တစ်ဆင့် စာပို့ပါ။"

ယွင်ကျုံးဟဲ့က ထပ်မေးလိုက်သည်။ "စစ်ပွဲမှာ အင်အား ဘယ်လောက်သုံးမလဲ။"

ဖုန်းရှင်းမြွက ပြောလိုက်၏။ "နှစ်ဖက်ပေါင်းရင် တစ်သန်းကျော်မယ်။"

ယွင်ကျုံးဟဲ့ လေအေးတစ်ချက် ရှူသွင်းလိုက်မိတော့သည်။

......

နောက်တစ်နေ့တွင် ရှီအန်းထင်သည် ပုံမှန်အတိုင်း ယွင်ကျုံးဟဲ့ကို ပြုစုစောင့်ရှောက်နေ၏။

ယွင်ကျုံးဟဲ့က မေးလိုက်သည်။ "မင်း ကိုယ်ဝန်ရှိနေတာ ဘာလို့ မပြောတာလဲ။"

ရှီအန်းထင်၏ ခန္ဓာကိုယ်လေး တုန်ယင်သွားပြီး တိုးတိုးလေး ဖြေလိုက်၏။ "ရှင် သဘောကျမှာ မဟုတ်ဘူးလို့ ကျွန်မ ထင်ခဲ့တာ။ ရှင် ကျွန်မရဲ့ ဒီကလေးကို လိုချင်မှာ မဟုတ်ဘူးလေ။"

ထိုအရာက အမြဲတမ်း ရှီအန်းထင်၏ ရင်ထဲက အပူမီး ဖြစ်သည်။ သူမ၏ မျက်နှာပေါ်တွင် ရှည်လျားသော ဒဏ်ရာအမာရွတ် နှစ်ခုရှိလေရာ ဆွဲဆောင်မှုရှိသော ခန္ဓာကိုယ် ကောက်ကြောင်းမျိုး ပိုင်ဆိုင်ထားသော်လည်း အမြဲတမ်း မိမိကိုယ်ကို သိမ်ငယ်နေတတ်သည်။

ယွင်ကျုံးဟဲ့က သူမကို ကိုယ်လုပ်တော်အဖြစ် ခေါ်ထားခြင်းမှာ အလုပ်ကိစ္စအတွက် သက်သက်သာဖြစ်မည်ဟု ထင်မှတ်ထားနေခြင်းပင်။

ထိုနေ့က ကျင်းကျုံးယွဲ့သည် ရှီအန်းထင်ကို ယွင်ကျုံးဟဲ့၏ အခန်းထဲသို့ ပို့ဆောင်ပေးခဲ့စဉ်က သူမသည် အဝတ်အစား တစ်လွှာမှမပါဘဲ ကုတင်ပေါ်တွင် တိုက်ရိုက် လှဲလျောင်းနေခဲ့ခြင်း ဖြစ်သည်။

ယွင်ကျုံးဟဲ့လည်း တွေးဖူးသည်။ အကယ်၍ ရိုးရိုး အစေခံကောင်မလေး တစ်ယောက်သာ ဆိုလျှင် ယွင်ကျုံးဟဲ့အ နေဖြင့် အန်းထင် တည်းခိုခန်းသို့ သွားရန် အကြောင်းပြချက် ရှာတွေ့မည် မဟုတ်ပေ။

အဘယ်ကြောင့်ဆိုသော် မည်သူကမှ အစေခံမလေး တစ်ယောက်၏ မိသားစုကို ဂရုစိုက်နေမည် မဟုတ်သောကြောင့် ဖြစ်သည်။

သို့ပေမည့် ကိုယ်လုပ်တော် တစ်ယောက်သာ ဆိုလျှင် ဆက်ဆံရေးက အများကြီး ပိုမို ရင်းနှီးသွားမှာဖြစ်ပြီး ယွင်ကျုံးဟဲ့နှင့် ရှီအန်းထင်တို့၏ ဆက်သွယ်မှုကလည်း အများကြီး ပို၍ သဘာဝကျသွားပေမည်။

ထို့အပြင် ရှီအန်းထင်၏ အဆင့်အတန်းကလည်း မြင့်တက်လာမည်ဖြစ်ကာ အစ်ကိုဖြစ်သူ ရှီအန်းထင်ကို အိမ်ပြန်၍ တစ်ခါတစ်ရံ တွေ့ဆုံနိုင်မည် မဟုတ်ပါလား။

ထိုနေ့ညက ရှီအန်းထင်က မေးခဲ့ဖူး၏။ "ရှင် ကျွန်မကို မရှုံ့ဘူးလား။"

ယွင်ကျုံးဟဲ့ကလည်း နောက်ပြောင်ပြီး ဖြေခဲ့သည်။ "ခန္ဓာကိုယ် အချိုးအစား ကောင်းဖို့ပဲ လိုတယ်။ မီးပိတ်လိုက်ရင် အားလုံး အတူတူပါပဲ။"

ထိုစကားကို ပြောပြီးနောက် သူ ချက်ချင်း နောင်တရသွားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုစကားက ရှီအန်းထင်ကို ကြီးမားသော နာကျင်မှုများ ပေးစွမ်းလိုက်သောကြောင့် ဖြစ်သည်။ ထိုအချိန်မှစ၍ သူမသည် နေ့တိုင်း ငွေရောင် မျက်နှာဖုံးကိုသာ တပ်ဆင်ထားတော့၏။

ယွင်ကျုံးဟဲ့က သက်ပြင်းချကာ ပြောလိုက်သည်။ "လျှောက်မပြောပါနဲ့။

ကျုပ်က အရမ်း သဘောကျနေတာ။"

ထို့နောက် သူက လက်လှမ်းကာ သူမ၏ သေးသွယ်သော ခါးလေးကို ဖက်ထားလိုက်ပြီး ပြောလိုက်၏။ "ဒီကလေးက ရုတ်တရက်ကြီး ရောက်လာပေမယ့် တကယ်တော့ အရမ်းကို ကောင်းမွန်တဲ့ အရာလေးပါ။"

နွှီအန်းထင်က မေးလိုက်သည်။ "သခင်မ ကျင်းကျုံးယွဲ့ကို လက်ထပ်တဲ့အခါ ပြဿနာ မဖြစ်ဘူးလား။"

ယွင်ကျုံးဟဲ့က ဖြေလိုက်၏။ "မဖြစ်ပါဘူး။ ဒီကိစ္စနဲ့ ပတ်သက်ရင် သူက သဘောထားကြီးပါတယ်။"

......

နေ့လယ်ခင်းတွင် ယွင်ကျုံးဟဲ့နှင့် ကျင်းကျုံးယွဲ့ တွေ့ဆုံကြသည်။

ကျင်းကျုံးယွဲ့က ယွင်ကျုံးဟဲ့ကို စူးစိုက်ကြည့်နေသည်။ သူမ၏ မျက်နှာသည် အလွန် လှပလွန်းသောကြောင့် အကြည့်ခံရသူမှာ နေစရာနေရာ ပျောက်သွားတတ်၏။

ကျင်းကျုံးယွဲ့က အမိန့်ပေးလိုက်၏။ "ရှင့် မျက်နှာဖုံး ချွာလိုက်၊ ကျွန်မ ကြည့်ချင်တယ်။"

**'ဘာလုပ်မလို့လဲ။'**

ယွင်ကျုံးဟဲ့ ဘာမှ မပြောဘဲ နာရီဝက်ခန့် အချိန်ယူကာ မူရင်းရုပ်ကို ပြန်ဖော်လိုက်သည်။ အလွန်တရာ ချောမောခန့်ညားသော မျက်နှာ ပေါ်လာသည်။

ကျင်းကျုံးယွဲ့က မှန်ရှေ့တွင် ယွင်ကျုံးဟဲ့နှင့် ယှဉ်ရပ်လိုက်၏။ တကယ့်ကို လိုက်ဖက်ညီသော စုံတွဲ ဖြစ်လို့နေ၏။

"ရှင် အဖေ ဖြစ်တော့မယ်။ ဂုဏ်ယူပါတယ်။"

ကျင်းကျုံးယွဲ့က ပြောလိုက်သည်။ "ကလေးက မမျှော်လင့်ဘဲ ရလာတာဆို ပေမဲ့ သေချာ ကာကွယ်ပေးရမယ်။ သူ မွေးလာတဲ့အချိန်ကျရင် လေခွင်းမြို့ လည်း အေးချမ်းနေလောက်ပါပြီ။"

ယွင်ကျုံးဟဲ့က ခေါင်းညိတ်လိုက်၏။ "မကြာတော့ပါဘူး။ သခင်မ... ကျုပ် တို့ ပေးဆပ်ရတာတွေ များလှပြီ။ မကြာခင် အကျပ်အတည်းကို ကျော်လွှား နိုင်ရုံမက သစ်ရွက်ကြွေနယ်မြေကိုပါ ပြန်ရပါလိမ့်မယ်။"

ကျင်းကျုံးယွဲ့က ပြောလိုက်သည်။ "တကယ်တော့ ကျွန်မစိတ်က ဓားနဲ့ပဲ ရှင်းချင်တာ။ ရှင့်အစီအစဉ်သာ မဟုတ်ရင် စစ်တပ်နဲ့ သွားတိုက်ပြီးပြီ။ ကျွန်မရဲ့ သိုင်းပညာက ကောင်းသလို ကျွန်မရဲ့ စစ်တပ်ကလည်း တကယ် ကောင်းတာပါ။"

ယွင်ကျုံးဟဲ့က တိုးညင်းစွာ ပြောလိုက်၏။ "သခင်မကို နစ်နာစေမိပါပြီ။ ဒါပေမဲ့ စစ်တိုက်ရင် အကျပ်အတည်းကိုပဲ ဖြေရှင်းနိုင်မယ်။ နယ်မြေကို ပြန် မရနိုင်ဘူး။"

ကျင်းကျုံးယွဲ့က ယွင်ကျုံးဟဲ့ကို ကြည့်ပြီး ပြောလိုက်သည်။ "တကယ်လို့ အဲဒီနေ့ ရောက်လာခဲ့ရင် ကျွန်မက အဲဒီကလေးကို သွေးသားအရင်းလို သဘောထားပေါ့မယ်။"

......

နာရီဝက်ခန့် အကြာတွင် ကျင်းကျုံးယွဲ့က စစ်သည်လျှော့ချရေး အမိန့်ကို ကြေညာလိုက်၏။ အဓိက တပ်တော်မှ စစ်သည် သုံးထောင်ကို လျှော့ချပေ တော့မည်။

ကွင်းပြင်တစ်ခုလုံး ငိုကြွေးသံများဖြင့် ပြည့်သွား၏။

"သခင်မ... ကျုပ်တို့ကို မစွန့်ပစ်ပါနဲ့၊ ထမင်းမစားရလည်း နေပေါ့မယ်။

ဆန်ပြုတ်ပဲ သောက်ပါ့မယ်။"

"လစာ မလိုပါဘူး။ စစ်တပ်ထဲမှာပဲ ပေးနေပါ။"

"သခင်မ... သိပ်အောက်ကျခံလွန်းနေပါပြီ၊ ထွက်တိုက်ကြရအောင်ပါ။"

စစ်သည် သုံးထောင် ဒူးထောက်လိုက်ကြသည်။ ထို့နောက် ကျန်စစ်သည်များပါ ဒူးထောက်လိုက်ကြသည်။

အချို့က ရထားသော လစာငွေများကို ထုတ်၍ ပြန်ပေးကြ၏။

ကျင်းမိသားစုသည် အခက်အခဲ ကြုံနေရချိန်တွင်မှာတောင် စစ်တပ်ကို မငတ်စေခဲ့ပေ။ ထို့ကြောင့် စစ်သည်များ၏ သစ္စာတရားမှာ ခိုင်မြဲလှသည်။

ယခု မော့မိသားစုကို ဖြိုခွင်းရန်အတွက် ကိုယ့်လက်ကိုယ် ပြန်ဖြတ်ရသကဲ့သို့ နာကျင်နေရ၏။

"ရှေ့က စစ်သည်တွေ.... သံချပ်ကာတွေ ချွတ်လိုက်ကြ" ကျင်းကျုံးယွဲ့ မျက်ရည်များ ဝဲလျက် အံကြိတ်ကာ အမိန့်ပေးလိုက်သည်။

မော့မိသားစုမှ စာရေးတော် ယန်ရွှေ့ရှန်သည် ဘေးမှ ရပ်ကြည့်ရင်း ကျေနပ်နေ၏။ '**ကျင်းကျုံးယွဲ့... ခင်ဗျားမှာလည်း ဒီလိုနေ့မျိုး ရှိတာပဲကိုး။ စစ်သည် သုံးထောင် လျှော့ချတယ် ဆိုတာ ကိုယ့်လက်မောင်း ကိုယ်ဖြတ်တာနဲ့ အတူတူပဲ။**'

ယွင်ကျုံးဟဲ့က ပြောလိုက်သည်။ "သခင်ကြီးယန်... ကတိအတိုင်း လုပ်ပေးဖို့ မမေ့ပါနဲ့။"

ယန်ရွှေ့ရှန်က ပြောလိုက်၏။ "သခင်ကြီးမော့ကို ပြန်တင်ပြလိုက်ပါမယ်။ စပါးတွေ ပို့ပေးပြီး လက်နက်တွေ လာသယ်ပါလိမ့်မယ်။"

......

နောက်ရက်များတွင် ယွင်ကျုံးဟဲ့ အလုပ်ရှုပ်သွားပြန်သည်။

ပန်းပဲဆရာ ဒါဇင်ပေါင်းများစွာကို ဦးဆောင်ပြီး သံချပ်ကာ သုံးထောင်ကို အထူးပြုပြင်မွမ်းမံ၏။

ဤသံချပ်ကာများသည် မော့မိသားစုထံ ပေးပို့ရမည့် ပစ္စည်းများ ဖြစ်သည်။

ယွင်ကျုံးဟဲ့သည် သံချပ်ကာများထဲသို့ အရာတစ်ခုကို ရောထည့်လိုက်သည်။ အာဆင်းနစ် ဆိုသည့် သဘာဝ တွင်းထွက်များတွင် ပါဝင်သော အဆိပ်အတောက် ဖြစ်၏။

၎င်းကို မီးဖြင့် အရည်ဖျော်ပြီး သံချပ်ကာများထဲသို့ ပေါင်းစပ်လိုက်သည်။ ဤနည်းဖြင့် ဆေးကြော၍ မရနိုင်သလို စစ်ဆေး၍လည်း မတွေ့နိုင်ပေ။

အာဆင်းနစ် ၁၀၀ မီလီဂရမ်သည် လူတစ်ယောက်ကို သေစေနိုင်သည်။

ယွင်ကျုံးဟဲ့သည် သံချပ်ကာ တစ်စုံလျှင် အာဆင်းနစ် ၁၀၀ ဂရမ်ကျော် ထည့်သွင်းထားသည်။ အထူးသဖြင့် လည်ပင်းနေရာများတွင် ဖြစ်၏။

ပူပြင်းသော ရာသီဥတု ရောက်လာချိန်မှာတော့ စစ်သည်များသည် ချွေးထွက်များလာပြီး သံချပ်ကာနှင့် ပွတ်တိုက်မိကာ အရေပြား ပွန်းပဲ့မည်။ ထိုအခါ အဆိပ်များသည် ခန္ဓာကိုယ်ထဲသို့ ဝင်ရောက်သွားပေမည်။

ထိုမြင်ကွင်းကို စိတ်ကူးဖြင့် မှန်းဆကြည့်ရန် မဝံ့ရဲလောက်အောင် ဖြစ်နေသည်။

ဤသံချပ်ကာများကို ဝတ်ဆင်ပြီး စစ်တိုက်လိုက်သည်နှင့် မော့မျိုးနွယ်စုမှာ သံချပ်ကာ သုံးထောင်ကို ရရှိသွားခြင်း မဟုတ်ဘဲ အထက်တန်းစား စစ်သည်သုံးထောင်ကိုပါ ဆုံးရှုံးသွားရပေလိမ့်မည်။

အရေးအကြီးဆုံး အချက်မှာ ဤကဲ့သို့ အဆိပ်ခတ်သည့် နည်းလမ်းက ဤကမ္ဘာလောက၏ နားလည်နိုင်စွမ်းထက် လုံးဝ ကျော်လွန်နေခြင်းပဲ ဖြစ်လေ

သည်။ မည်သူကမှ သံချပ်ကာထဲသို့ အဆိပ်များ ပေါင်းစပ်ထည့်သွင်း၍ ရနိုင်သည်ကို သိရှိထားကြခြင်း မရှိပေ။

ထို့ကြောင့် ယွင်ကျုံးဟဲ့က မော့မျိုးနွယ်စုအတွက် တူးထားသည့် ကျင်းများမှာ တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်နေသည်။

ယွင်ကျုံးဟဲ့က ကြိမ်းဝါးလိုက်၏။ '**မော့ချို... တိရစ္ဆာန်ထက်တောင် ယုတ်မာတဲ့ ခင်ဗျားလို အဆိပ်ပြင်းမြွေက ပိုင်ယင် အရေးအခင်းကို ကြိုးကိုင်လှုပ်ရှားခဲ့ပြီး လေခွင်းချိုင့်ဝှမ်းကို သေမတတ် ဖြစ်အောင် ဖန်တီးခဲ့တယ်။ ရှေ့ဆက်ပြီး ကျုပ် ယွင်ကျုံးဟဲ့က ခင်ဗျားအတွက် မြှုပ်ထားတဲ့ မိုင်းတွေ တစ်လုံးပြီးတစ်လုံး ပေါက်ကွဲလာလိမ့်မယ်။ ခင်ဗျားရဲ့ မော့မျိုးနွယ်စုကို ငရဲချောက်ကမ်းပါးထဲ တွန်းချပစ်မယ်။**'

ထိုမြင်ကွင်းက တကယ်ကို မျှော်လင့်စောင့်စားချင်စရာ ကောင်းလွန်းလှသည်။ သခင်ကြီးမော့နှင့် သခင်လေး မော့ချိုတို့ သွေးသုံးလီတာလောက် အန်ထုတ်ရမလားဆိုသည်ကိုတော့ မသိနိုင်တော့ပေ။

.................

***